# မြန်မာစာပေနယ်ပယ်တွင် တွင်ကျယ်လာသောဆိုရှယ်လစ်စာပေသဘောတရား (၁၉၆၂–၁၉၈၈)

ပါရဂူ(PhD)ဘွဲ့အတွက်တင်သွင်းသောကျမ်း

မဥမ္မာသူ

မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်

၂၀၀၇ခုနှစ်၊ မေလ

# ကျမ်းအကျဉ်းချုပ်

ဤပါရဂူကျမ်းသည် မြန်မာစာပေနယ်ပယ်တွင် တွင်ကျယ်လာသော ဆိုရှယ်လစ်စာပေသဘောတရား (၁၉၆၂–၁၉၈၈) ကျမ်းဖြစ်ပါသည်။ ကျမ်းပြုရခြင်း၏ ရည်ရွယ်ချက်မှာ မြန်မာစာပေလမ်းကြောင်းတစ်လျှောက် ၁၉၆၂ မှ ၁၉၈၈ အတွင်း တွင်ကျယ်လာသော ဆိုရှယ်လစ်စာပေသဘောတရားနှင့်အတူ စာပေနယ်ပယ်အတွင်း မည်သို့အသုံးပြု ထားကြောင်း လေ့လာဆန်းစစ် သုတေသနပြုလိုသောကြောင့် ဖြစ်ပါသည်။ ဆိုဗီယက်နိုင်ငံက စတင်ခဲ့သော ဆိုရှယ်လစ်ဝါဒသည် နိုင်ငံရေးနှင့် စာပေရောယှက်ခြင်း သဘောဖြစ်သည်။ နိုင်ငံရေးဝါဒနှင့်အတူ စာပေဝါဒ သည်လည်း ကမ္ဘာ့စာပေမျက်နှာပေါ်တွင် ဖြန့်ကျက်လာခဲ့သည်။ မြန်မာစာပေတွင်လည်း ၁၉၆၂ ခုနှစ်၌ ဆိုရှယ်လစ်ခေတ်ပြောင်းတော်လှန်ရေးနှင့်အတူ ဆိုရှယ်လစ်စာပေသဘောတရားသည် ရပ်တည်လာခဲ့သည်။ သို့အတွက် အစဉ်အလာ မြန်မာစာပေသဘောတရားတွင် ဆိုရှယ်လစ်စာပေသဘောတရားသည် မည်သို့မည်ပုံ ဝင်ရောက်တွင်ကျယ်လာခဲ့ပုံကို လေ့လာထားပါသည်။ ဆိုရှယ်လစ်စာပေသဘောတရားသည် အလုပ်သမား၊ လယ်သမားတို့၏ ဘဝသရုပ်မှန်ကိုတင်ပြပြီး ဆိုရှယ်လစ်ပန်းတိုင်သို့ ချီတက်ရာတွင် စာပေတွန်းအားအဖြစ် အသုံးပြုခြင်းဖြစ်ကြောင်း လေ့လာဖော်ထုတ်ထားပါသည်။ ဤသို့လေ့လာရာတွင် ၁၉၆၂–၈၈ အတွင်း မြန်မာစာပေအနုပညာရှင်များ၏ လက်ရာများမှ အရင်းရှင်စနစ်၏ အနိဋ္ဌာရုံများကို ဖော်ထုတ်တင်ပြခြင်း၊ ပြည်သူ့စာပေများကို စာပေအနုပညာရှင်များ၏ သီးခြားသဘောဆောင်သော စာပေကဏ္ဍအဖြစ် ရပ်တည်နိုင်ပုံစသည့် ထူးခြားချက်များအဖြစ် တွေ့ရှိရပါသည်။ ဤကျမ်းကို သုတေသနပြုရာတွင် စာရေးသွား နည်းသည်နောက်လိုက် ဖြစ်သော်လည်း ဆိုရှယ်လစ်စာပေ သဘောတရားသည် စာပေအနုပညာဖန်တီးမှုနှင့်အတူ စာပေနည်းစနစ်တပြိုင်တည်းယှဉ်တွဲဖြစ်တည် နေကြောင်း လေ့လာတွေ့ရှိရပါသည်။